
# IIMM နှင့် မျှဝေလိုက်တဲ့ အချက်အလက်တွေကို ဘယ်လိုအသုံးပြုမှာလဲ




# အချက်အလက်များကို ထိန်းသိမ်းခြင်း


ပေးပို့လိုက်သော အချက်အလက်များကို အကောင်းဆုံးနှင့် နောက်ဆုံးပေါ်နည်းပညာများ အသုံးပြု၍ ကုဒ်အသွင်ပြောင်းကာ လုံခြုံစွာသိမ်းဆည်းထားသည်။ ဤနည်းမှာ ပေးပို့သူတို့၏ ဘေးကင်းမှုနှင့် ကိုယ်ရေးလုံခြုံမှုကို အထောက်အကူပြုစေသည်။



ပေးပို့လိုက်သောအချက်အလက်များကို မည်သူမျှ ကြားဖြတ်ရယူခြင်း မပြုနိုင်ရန် ယင်းတို့ကို မည်သို့ သိမ်းဆည်းသည်ကို မှတ်တမ်းပြုစုထားသည်။ ဤမှတ်တမ်းကို "အချက်အလက်များကို ကိုင်တွယ်ဆောင်ရွက်ပုံအဆင့်ဆင့်" ဟု ခေါ်ပြီး တချိန်ချိန်တွင် ယင်းအချက်အလက်များကို တရားရုံးများ၌ အသုံးပြုနိုင်ရန်အတွက် အဆိုပါ မှတ်တမ်းကို မဖြစ်မနေ ပြုစုထားရသည်။




အနာဂတ်တရားစီရင်မှုများ၏ အောင်မြင်မှုသည် အချက်အလက်များ မပျောက်ဆုံးမီ သို့မဟုတ် မဖျက်ဆီးခံရမီ၊ သစ်လွင်နေဆဲဖြစ်သည့် ယခုလက်ရှိအချိန်တွင် စုဆောင်းထိန်းသိမ်းနိုင်ခြင်းအပေါ် မူတည်သည်။




# အချက်အလက်များကို စိစစ်သုံးသပ်ခြင်း

အချက်အလက်စိစစ်သုံးသပ်ခြင်းသည် ရှုပ်ထွေးပြီး စေ့စပ်သေချာစွာအချိန်ယူကာ ဆောင်ရွက်ရသော လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။



ကျွန်ုပ်တို့၏ ရှေ့နေများ၊ စုံစမ်းစစ်ဆေးသူများနှင့် စိစစ်သုံးသပ်သူများသည် ဆန်းသစ်သော နည်းလမ်းများနှင့် နောက်ဆုံးပေါ်နည်းပညာများကို အသုံးပြုကာ ပေးပို့သည့် အချက်အလက်များကို ဆန်းစစ်သုံးသပ်သည်။ တရားရုံးများသို့ တင်သွင်းနိုင်ပြီး ယုံကြည်ဖွယ်အချက်အလက် ဖြစ်၊ မဖြစ် သေချာစေရန် အခြားအထောက်အထားများနှင့်လည်း တိုက်ဆိုင်စစ်ဆေးသည်။


ထို့နောက် စွပ်စွဲခံရသူများက ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများ ကျူးလွန်ခဲ့ကြောင်း
သက်သေပြနိုင်ရန်အတွက် သင်တို့ ပေးပို့လိုက်သော အချက်အလက်များကို
အခြားသက်သေအထောက်အထားများနှင့် ချိတ်ဆက်ကာ အမှုဖိုင်များတည်ဆောက်သည်။
အဆိုပါ အမှုဖိုင်များကို တရားရုံးများနှင့် စစ်ခုံရုံးများတွင် ကျူးလွန်သူများကို အမှုစစ်ဆေးရန်နှင့်
ပြစ်ဒဏ်ချမှတ်ရာတွင် အသုံးပြုနိုင်သည်။




ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးလုပ်ငန်းကို လျှို့ဝှက်စွာဆောင်ရွက်ရသည်။ မဟုတ်လျှင် တရားရုံးသို့
အမှုတင်သွင်းသည့်အခါ အမှု၏ အထောက်အထားခိုင်မာမှုကို ယုတ်လျော့သွားစေပြီး
အချက်အလက်ပေးပို့သူများ၏ ဘေးကင်းရေးနှင့် ကိုယ်ရေးလုံခြုံမှုအပေါ် သက်ရောက်မှု ရှိနိုင်သည်။
ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် အမှုဖိုင်တည်ဆောက်ရာတွင် ပေးပို့သူများ၏ အချက်အလက်များအား
မည်သို့မည်ပုံ အသုံးပြုနေသည်ကို ယေဘုယျအားဖြင့် ပြန်လည်ဖြေကြားပေးနိုင်သော်လည်း
စုံစမ်းစစ်ဆေးမှုနှင့် ပတ်သက်သော အသေးစိတ်အကြောင်းအရာများကို ဖြေကြား၍မရပါ။

# အချက်အလက်များကို မျှဝေခြင်း

မြန်မာနိုင်ငံအတွင်းကျူးလွန်ခဲ့သည့် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများနှင့် ပတ်သက်ပြီး
နိုင်ငံတွင်း၊ ဒေသတွင်း နှင့် နိုင်ငံတကာ တရားရုံးများ သို့မဟုတ် ခုံရုံးများက စုံစမ်းစစ်ဆေးရေးနှင့်
အမှုစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ယန္တရားက ကူညီပံ့ပိုးသည်။
၎င်းတို့ လိုအပ်သည့် အချက်အလက်များကို ယန္တရားထံ တောင်းယူနိုင်သည်။




မျှဝေပေးပို့သည့် အချက်အလက်များကို ပေးပို့သူ၏ သဘောတူခွင့်ပြုချက်ရရှိပြီးမှသာ မျှဝေမည်ဖြစ်ပြီး
အောက်ပါအချက်များကို သဘောတူဆောင်ရွက်သည့် တရားစွဲဆိုမှုများနှင့်သာ မျှဝေပါမည်။



ယန္တရားက သတ်မှတ်ထားသော လျှို့ဝှက်စွာထားရှိမှုဆိုင်ရာ
သဘောတူညီချက်ကို လေးစားခြင်း



ကျူးလွန်ခံရသူများနှင့် သက်သေများကို အကာအကွယ်ပေးနိုင်ခြင်း




မျှတစွာတရားစီရင်မှုကို အာမခံပြီး နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများ၊
စံနှုန်းများနှင့်အညီ လိုက်နာကျင့်သုံးခြင်း



သေဒဏ် မချမှတ်ခြင်း

# သင်တို့ ပေးပို့သည့် အချက်အလက်များမှာ အရေးပါလှသည်။




©IIMM/သရုပ်ဖော် JC